ရင်နွယ်ဟန်

ရှေနေမလေးပန်းချယ်ရီ

နှင့်

ပျောက်ဆုံးနေသောတရားခံ

ရှေ့နေမလေးပန်းချယ်ရီနှင့် ပျောက်ဆုံးနေသောတရားခံ

ဝတ္ထုတို စ/ဆုံး

"ဘယ်လို ဖြစ်တယ်ဆိုတာ ကျွန်မကို အကြောင်းစုံ ရှင်းပြပေးပါ"

ရှေ့နေမလေး ပန်းချယ်ရီတစ်ယောက် သူ့ရှေ့မှာ အမူသည် မိန်းကလေး နှစ်ယောက်အား မေးလိုက်ခြင်း ဖြစ်သည် ။

"ဒီလိုပါမမ ညီမတို့ က သူငယ်ချင်းတွေပါ နယ်ကနေ အလုပ် လာလုပ်ကြတာပါ ညီမအမည်က ယုန္ဓယ်ပါ သူက သီရိပါ ပျောက်သွားတဲ့ သူကတော့ မာလာပါ ကျွန်မတို့ သုံးယောက်က အရမ်း ခင်ကြတဲ့ သူတွေပါ မာလာ မပျောက်ခင်နေ့က သူအပြင်ကို သူ့ကောင်လေးနဲ့ ချိန်းထားလို့ ဆိုပြီး ပြင်ဆင်နေပါတယ် ညီမလည်း အဲဒီချိန်မှာ အပြင် သွားရမယ့်နေ့ပါပဲ ကျွန်မ အရင် ထွက်သွားလိုက်တာပါ ညနေ ပြန်လာတော့ သူက ရောက်မလာသေးပါဘူး ဒီနေ့ချိန်ထိပါပဲ"

ပန်းချယ်ရီ ထိုမိန်းကလေးရဲ့ စကားကို နားထောင်ရင်း ...

"သူ့ကောင်လေး ဆိုတာကိုရော မမေးကြည့်ကြဘူးလား"

"မေးကြည့်တာပေါ့ မမရဲ့ အဲဒီနေ့က မာလာတစ်ယောက် ရောက်မ

လာခဲ့ဘူးတဲ့ "

ဘေးမှ တစ်ယောက်ကလည်း

"မမညီမတို့ သူငယ်ချင်းကို အမြန်ဆုံး ဖော်ထုတ်ပေးပါနော်"

"အင်း ဟုတ်ပြီလေ ကျွန်မ အမြန်ဆုံး ဆောင်ရွက်ပေးပါ့မယ် ညီမတို့ ဘက်က တစ်ခုခု ထူးခြားတာရှိရင် ဖုန်းဆက်ပါ အစ်မလည်း အကြောင်းထူးရင် ဖုန်းဆက်လိုက်မယ် ဟုတ်ပြီလား"

"ကျေးဇူးပါမမရယ် ညီမတို့ ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီ"

အဆောင်ပြန်ရောက်ပြီး နှစ်ရက်မြောက်သောနေ့၌ အလုပ်ပိတ်ရက်မို့ ယုန္ဓယ်တစ်ယောက် ဘုရားပန်းအိုးအား ရေလဲနေစဉ် သီရိတစ်ယောက် ပြေးဝင် လာပြီး ...

"ဟဲ့ ယုန္ဓယ် ဒီမှာ နင့်အတွက် စာတစ်စောင် ရောက်နေတယ်"

"စာ ဟုတ်လား ဘယ်ကပါလိမ့်"

စာအိတ်ကိုကြည့်ပြီး ပြောလိုက်မိသည် ။

"ငါလည်း ဘယ်သိမလဲ ဖတ်ကြည့်ပါလား"

"အင်း"

ယုန္ဓယ်လည်း သီရိယူလာသော စာအား ဖွင့်ဖတ်လိုက်တော့သည် ။ စာထဲမှာ ရေးထားတာကတော့ ...

`နင်လည်း သေရမယ် ´

စာကိုမြင်တော့ ယုန္ဓယ် လန့်သွားမိသည် ။ စာကဒီမျှသာ။ လက်ရေး

မှာ လည်း ထူးခြားနေသည် ။

"ဘာရေးထားတာလဲ ယု"

"ဒီမှာ လေ"

ယုနွယ် ပြလိုက်တော့ သီရိက အံ့သြဟန်ပြကာ ...

"ဟင် နင့်အတွက် အန္တရာယ် ရှိနေပြီပဲ"

"ဟုတ်တယ်"

"ဘယ်လိုလုပ်ကြမလဲ"

"ဘယ်လိုလုပ်ရမှာ လဲ သီရိရဲ့ ဒီစာကို ရှေ့နေမလေးဆီ ယူသွားပြ ကြည့်ရမှာ ပေါ့"

ရှေ့နေမလေး ပန်းချယ်ရီဆီ သွားမယ်ဆိုတော့ သီရိ မျက်နှာမ ကောင်းပေ။

"ဘာလို့ ဒီစာကို သူ့ဆီ ယူသွားရမှာ လဲ"

သီရိရဲ့ အမေးကြောင့် ယုလည်း ...

"သူ့ဆီ ယူသွားမှ မာလာ ပျောက်နေတဲ့ အမှုနဲ့ ဆက်စပ်ပြီး သိရမှာ ပေါ့"

"အင်းပါ ဒါဆိုလည်း "

သို့နှင့် ရှေ့နေမလေးထံ ရောက်ခဲ့ကြတော့သည် ၊ ရောက်သည် နှင့် စာကိုပြလိုက်သည် ။

"စာက ဘယ်ချိန်လာပို့တာလဲ"

"မနက်စာ နာရီလောက်ကပါ"

"ကောင်းပြီလေ"

ပန်းချယ်ရီတစ်ယောက် စာရွက်နှစ်ရွက်ကို ယူကာ သူတို့ နှစ်ယောက်ထံ တစ်ယောက် တစ်ရွက်ပေးရင်း...

"အဲဒီ စာရွက်မှာ ကိုယ်ကြိုက်တာ ရေးပါ ပြီးရင် ခေါက်ပြီး ဒီကိုပြန်ပေးပါ ဟုတ်ပြီလား"

"ဟုတ်"

နှစ်ယောက်သား စာရွက်ပေါ်မှာ စာချရေးလိုက်ကြသည် ။ ရေးပြီးသွားသော် စာရွက်အားလောက်ကာ ရှေ့နေမလေးထံ ပြန်ပေးလိုက်သည် ။

"အိုကေ ဒီအမှုက အမြန်ဆုံး ပေါ်တော့မှာ ပါ"

"တကယ်လားမမ ကျေးဇူးပါရှင်"

ယုန္ဓယ်က ကျေးဇူး တင်နေပေပေမဲ့ သီရိကတော့ အေးဆေးပင်။

တအောင့်နေတော့ ...

"ပြန်ကြရအောင် ယု"

"အင်း မမ ညီမတို့ ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီ"

ထိုမိန်းကလေးနှစ်ယောက် ထွက်သွားတော့ ပန်းချယ်ရီတစ်ယောက် ဒုရဲအုပ်ကိုသီဟထံ ထွက်ခဲ့လိုက်သည် ။ သူ့ကိုမြင်တော့ ကိုသီဟက

"ဟော ချယ်ရီ မတွေ့ရတာတောင် ကြာပြီပဲ"

"ဟုတ်တယ် ကိုသီဟရေ အမှုတစ်ခု လိုက်နေလို့ ပါ"

"အမှုက ဘာအမှုလဲ"

"လူပျောက်တာ ဒါပေမဲ့ အဲဒီလူက သေပြီလို့ လည်း ယူဆလို့ ရတယ်"

"ဟုတ်လား ချယ်ရီ"

"အင်း ကိုသီဟ ကျွန်မကို တစ်ခုလောက် ကူညီပါ ဒီစာအိတ်ထဲမှာ ပါတဲ့ လက်ရေးနဲ့ ဒီစာမှာ ရေးထားတဲ့ လက်ရေး တူလားဆိုတာ တိုက်ဆိုင် စစ်ဆေးပေးပါ"